# အခွန်ဆောင်သူများ ပုံစံမကျသော သို့မဟုတ် မသမာသော အခွန်ဆောင်ပြင်ဆင်မှုများ ပြုလုပ်ပါက ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို IRS မှ သတိပေးမှုများ (၅-၁၉-၂၀၁၁)

IRS ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေး (CI) ကသင့်ကိုသတိပေးသည်မှာ -

- အခွန်ဆောင်သူများသည် အခွန်ပေးပုံစံတွင် သက်ဆိုင်ရာ လုပ်ငန်းစဉ်အချိန်၊ ပုံစံများနှင့် လိုအပ်သည့်စာရွက်စာတမ်းများကို မှန်ကန်စွာ စာရင်းသွင်းရန်လိုအပ်သည်။ အခွန်ပေးဆောင်မှုကိုအခွန်ဆောင်သူကိုယ်တိုင်ကဖြစ်စေ၊ အခွန်ပေးပုံစံ ပြင်ဆင်ပေးသူကဖြစ်စေ မှန်ကန်စွာဆောင်ရွက်ရန်လိုအပ်သည်။
- သင်အခွန်ဆောင်ရန်အတွက် ပုံစံပြင်ဆင်ပေးမည့် အခွန်ဆောင်ကျွမ်းကျင်သူကို ရွေးချယ်ရာတွင် အထူးဂရုပြုပါ။ အခွန်ဆောင်ကျွမ်းကျင်သူကို ရွေးချယ်ရာတွင် နာမည်ကောင်းရှိသည့် အခွန်ဆောင်ကျွမ်းကျင်သူကို ရွေးချယ်သည့် အခြေခံ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်သည် -
    - အခြားပြင်ဆင်ပေးသူနှင့်စာလျှင် ပြန်အမ်းငွေပိုမိုရရှိရန် ပုံစံပြင်ဆင်ပေးမည်ဟု ပြောဆိုသည့် ပုံစံပြင်ဆင်ပေးသူများကို ရှောင်ပါ။
    - ပြန်အမ်းငွေ၏ ရာခိုင်နှုန်းပေါ်မူတည်ပြီး ဝန်ဆောင်ခယူသည့် ပြင်ဆင်သူများကို ရှောင်ပါ။
    - သင့်အခွန်ပုံစံတွင် မိမိလက်မှတ်နှင့် အခွန်ဆောင် ပြင်ဆင်ပေးသူ အသိအမှတ်ပြုနံပါတ်ထည့်သွင်း ရေးသားထားပြီး သင့်မှတ်တမ်းအတွက် မိတ္တူတစ်စုံပေးသည့် နာမည်ရ အခွန်ဆောင်ကျွမ်းကျင်သူကို အသုံးပြုပါ။
    - သင့်အခွန်ပုံစံပြင်ဆင်မှု လများ၊ နှစ်များနှင့် ပုံစံဖိုင်သွင်းပြီးသည်အထိ ၄င်းတို့နှင့် ပတ်သက်သည့် မေးခွန်းများကို ဖြေကြားပေးမည့် လူတစ်ယောက် သို့မဟုတ် ကုမ္ပဏီတစ်ခုကို စဉ်းစားထားပါ။
    - ဘာမှမရေးထားသည့် အခွန်ပုံစံထဲတွင် ဘယ်တော့မှ လက်မှတ်မထိုးပါနှင့်။
    - အခွန်ဆောင်ကျွမ်းကျင်သူကို အသုံးပြုခဲ့သည့်လူ တစ်ယောက်ယောက်ရှိလျှင် သူတို့ကိုမေးပါ။ သူတို့ရရှိသည့် ဝန်ဆောင်မှုကို ကြေနပ်မှုရှိပါသလား မေးပါ။
- အခွန်ရှောင်ခြင်းက ပြစ်မှုတစ်ခုဖြစ်သည်၊ ကြီးလေးသောပြစ်မှုတစ်ခု၊ ၅နှစ် ထောင်သွင်းအကျဉ်းချခြင်းနှင့် ဒဏ်ငွေဒေါ်လာ ၂၅၀,၀၀၀ ပေးဆောင်ရသည်အထိ အပြစ်ပေးခံရနိုင်သည်။

သင်သံသယဝင်လာပါက၊ စစ်ကြည့်ပါ။ တစ်ခုခုမဖြစ်ခင်၊ ပြင်ဆင်ပေးသူများက ပြန်အမ်းငွေကို တခြားပြင်ဆင်ပေးသူများထက် ရအောင်ပြုလုပ်ပေးမည်ဟု ပြောပါက၊ ယုံကြည်စိတ်ချရသည့် အခွန်ဆောင်ကျွမ်းကျင်သူနှင့် သို့မဟုတ် IRS ဖြင့်စစ်ပါ။